# မယ်ဒီကိတ် ရရှိနိုင်ခွင့်ပြန်လည်စိစစ်ရေးဆိုင်ရာ မကြာခဏမေးလေ့ရှိသော မေးခွန်းများ

အကျိုးခံစားခွင့်ရရှိနိုင်မှု ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်၏ အဓိကအစိတ်အပိုင်းများကို လျှင်မြန်စွာ
နားလည်သဘောပေါက်ရန်အတွက် ဤ မကြာခဏ မေးလေ့ရှိသော မေးခွန်းများကို အသုံးပြုပါ။

**1 ရရှိခွင့်ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ် (redetermination process) ဆိုသည်မှာအဘယ်နည်း၊ ထို့အတူ မိမိအနေနှင့် အဘယ်ကြောင့် လုပ်ဆောင်သင့်သနည်း။**

ဖက်ဒရယ်ဥပဒေ အရ အင်ဒီယားနားပြည်နယ်ရှိ မယ်ဒီကိတ်ရရှိသူများသည်  အကျိုးခံစားခွင့် ရရှိနိုင်မှုကို 12 လတကြိမ် သက်တမ်းတိုးရသည်။ သင်သည် နောက်တနှစ်အတွက် အာမခံကြေးအကျိုးခံစားခွင့် ဆက်လက်ရရှိနိုင်မှု ရှိမရှိ ဆုံးဖြတ်နိုင်ရန်အတွက် ပြည်နယ်အစိုးရက ဤ နှစ်စဉ် သတင်းအချက်အလက် စုဆောင်းရေး လုပ်ငန်းစဉ်ကို အသုံးပြုပါသည်။

**2 မိမိအနေနှင့် မယ်ဒီကိတ်အာမခံကြေး အစီအစဉ်ကို ယခင်ကသက်တမ်းတိုးခဲ့သည့် နောက်ဆုံးတကြိမ် အကြောင်းနှင့်ပတ်သက်ပြီး မည်သို့သိရှိနိုင်သနည်း။**

သင်၏ အာမခံအစီအစဉ် နှင့် အကျိုးခံစားခွင့် ရရှိနိုင်မှု နှင့်ပတ်သက်ပြီး သိရှိလိုပါက **FSSAbenefits.IN.gov** ရှိ FSSA ၏အကျိုးခံစားခွင့်ဆိုင်ရာ အွန်လိုင်းစာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။ သို့မဟုတ် Indiana Division of Family Resources ကို **1-800-403-0864** တွင် ဖုန်းဆက်ခြင်းဖြင့် သိရှိနိုင်သည်။

**3 မိမိ၏မိသားစုဝင်အတွက် မယ်ဒီကိတ် ရရှိနိုင်ခွင့်နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မိပါသည်။ ထိုအကြောင်းကို မည်သို့ စုံစမ်းစစ်ဆေးနိုင်သနည်း။**

မယ်ဒီကိတ်၏ ရည်မှန်းချက်သည် အဖွဲ့ဝင်များကို ကျန်းမာနေစေရန် အတွက်ဖြစ်သည်။ မယ်ဒီကိတ် အဖွဲ့ဝင်တဦးဦးအနေနှင့် လုပ်ငန်းစဉ်ကို မည်သို့ ဖြည့်ဆည်းဆောင်ရွက် ရမည့်အကြောင်းနှင့်ပတ်သက်ပြီး မရှင်းမလင်းဖြစ်နေပါက ပံ့ပိုးမှုရင်းမြစ်များ နှင့် ညှိနှိုင်းဆောင်ရွက်မှုများ ရရှိရန်အတွက် **FSSAbenefits.IN.gov** ရှိ FSSA ၏အကျိုးခံစားခွင့်ဆိုင်ရာ အွန်လိုင်းစာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။ သင်သည် ခွင့်ပြုထားသော ကိုယ်စားပြုပုဂ္ဂိုလ် မဟုတ်ပါက၊ သို့မဟုတ် အနီးအနားတွင် ၎င်းတို့ကိုယ်စား တကြိမ်စာ စကားပြောခွင့်ပြုပေးနိုင်မည့် မယ်ဒီကိတ်အဖွဲ့ဝင် နှင့်အတူ ဖုန်းခေါ်ဆိုခြင်းမဟုတ်ပါက လူတဦးဦး၏ အကျိုးခံစားခွင့် ရရှိနိုင်မှုကို အတည်ပြု၍မရကြောင်း မှတ်သားထားပါ။

**4 မိမိ၏ မယ်ဒီကိတ်အွန်လိုင်းစာမျက်နှာကို မည်သို့ရယူအသုံးပြုနိုင်သနည်း။**

**FSSAbenefits.IN.gov** ရှိ FSSA Benefits Portal တွင် ကြည့်ရှုခြင်းဖြင့် သင်၏ အမည်စာရင်း အချက်အလက်ကို 24/7 အချိန်မရွေး ကြည့်ရှုနိုင်သည်။ သင်၏ login အမည်စာရင်း အချက်အလက်ကို မှတ်မိရန် အကူအညီလိုအပ်ပါက အပေါ် ပိုင်း ညာဖက်ထောင့်တွင် “Need Help?” ကို နှိပ်ပါ။

**5 မိမိအတွက် သို့မဟုတ် မိသားစုဝင်တဦးဦးအတွက် ဒေသတွင်းရုံးကို မည်သို့ရှာဖွေနိုင်သနည်း။**

သင်၏ ဒေသတွင်း Division of Family Resources ရုံးကိုရှာဖွေရန်အတွက် **IN.gov/fssa/dfr/ebt-hoosier-works-card/ find-my-local-dfr-office/** တွင်ကြည့်ရှုနိုင်သည်။

**6 မိမိအနေနှင့် အကျိုးခံစားခွင့် ပြန်လည်စိစစ်ရေးကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုမလို မည်သို့သိရှိနိုင်သနည်း။**

အချို့သော အဖွဲ့ဝင်များသည် (ကိုယ်ဝန်ဆောင်/ကလေးမွေးပြီးခါစ အဖွဲ့ဝင်များ၊ SSI ရရှိသူများ နှင့် ယာယီအုပ်ထိန်းမှုအောက်တွင် ရှိနေသူများ အပါအဝင်) ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်ကို ဖြည့်ဆည်းဆောင်ရွက်ရန်မလိုအပ်ပါ။ သတင်းအချက်အလက်များကို ပြည်နယ်အစိုးရနှင့် မကြာသေးမီမှ အတည်မပြုထားသည့် အခြားသော အင်ဒီယားနား မယ်ဒီကိတ်အဖွဲ့ဝင်များ နှင့်/သို့မဟုတ် အီလက်ထရွန်နစ် ရင်းမြစ်များမှတဆင့် အကျိုးခံစားခွင့် ရရှိနိုင်မှုကို အတည်မပြုနိုင်သောသူများ အနေနှင့် ပြန်ပို့ရန်ဖော်ပြထားသည့် ပုံစံစာရွက်ကို လက်ခံရရှိပါလိမ့်မည်။ ယင်းအဖွဲ့ဝင်များသည် ၎င်းတို့၏အာမခံကြေး သက်တမ်းမကုန်မီ 45 ရက်အလိုခန့်တွင် အဆိုပါပုံစံစာရွက်ကို လက်ခံရရှိပါလိမ့်မည်။

### 7 ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ် အတွက် မည်သည့် သတင်းအချက်အလက်များကို ပေးရန်လိုအပ်သနည်း။

သင်၏ ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်အတွက် လိုအပ်မည့် သတင်းအချက်အလက်များကို အကြမ်းဖျင်းဖော်ပြထားသည့် စာရွက်စာတမ်းတခုခုကို သင့်အနေနှင့် လက်ခံရရှိခြင်းမရှိသေးပါက၊ ထို့အတူ သင့်အတွက် ကန့်သတ်ရက်ကျော်လွန်နေသည်ဟု ယုံကြည်ပါက Indiana Division of Family Resources ကို **1-800-403-0864** တွင် ဖုန်းခေါ်ပါ။ သင် ထုတ်ပေးရန်လိုအပ်သည့် သတင်းအချက်အလက်များ အားလုံး နှင့်ပတ်သက်၍ ၎င်းတို့မှ လမ်းညွှန်ချက်ပေးပါလိမ့်မည်။ လျှောက်လွှာတင်သည့် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတခုအဖြစ် လိုအပ်သော စာရွက်စာတမ်းများကို ဖော်ပြထားသည့်စာရင်းတခု ပေးအပ်ပါလိမ့်မည်။

### 8 မိမိ၏ ပြန်လည်စိစစ်ရေးကို တင်သွင်းရန်အတွက် နောက်ဆုံးသတ်မှတ်ရက်သည် ဘယ်အချိန်ဖြစ်သနည်း။

ဤလုပ်ငန်းစဉ်အတွက် နောက်ဆုံးသတ်မှတ်ရက်သည် ပြန်လည်စိစစ်ရေး အကြောင်းကြားစာကို သင် လက်ခံရရှိသည့်အချိန်ပေါ် မူတည်သည်။ အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် လက်ရှိအာမခံကြေး သက်တမ်းမကုန်မီ လုပ်ငန်းစဉ်ကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် 45 ရက်ခန့် အချိန်ရရှိမည်ဖြစ်ပါသည်။ 45 ရက်အတွင်း ပြန်လည်စိစစ်ရေးကို ဖြည့်ဆည်းဆောင်ရွက်ခြင်းမရှိပါက အကျိုးခံစားခွင့် ရရှိနိုင်မှုအတွက် ဆုံးဖြတ်ချက်ချသည့်အထိ သင်၏ အာမခံကြေး ရပ်တန့်သွားမည်ဖြစ်ပါသည်။ သင့်အာမခံကြေး သက်တမ်းကုန်ပြီးနောက် 90 ရက်ထက် ကျော်လွန်ခဲ့လျှင် လျှောက်လွှာပြန်တင်ရလိမ့်မည်။

### 9 အကျိုးခံစားခွင့် ရရှိနိုင်မှု သတ်မှတ်ချက်များတွင် ပြောင်းလဲမှုများ တခုခုရှိသလား။

အကျိုးခံစားခွင့် ရရှိနိုင်မှု သတ်မှတ်ချက်များ နှင့်ပတ်သက်သည့် နောက်ဆုံးထွက် သတင်းအချက်အလက်များကို ရှာဖွေရန်အတွက် အင်ဒီယားနား မယ်ဒီကိတ်၏ တရားဝင် ဝက်ဘ်ဆိုက်ဖြစ်သော **IN.gov/Medicaid** တွင်ကြည့်ရှုပါ။

### 10 ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်ကို မည်မျှမကြာခဏ ဖြည့်ဆည်းဆောင်ရွက်ရသနည်း။

ယ်ဒီကိတ် အာမခံကြေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းရန်အတွက် 12 လခြားတကြိမ် ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်ကို ဆောင်ရွက်ရန်လိုအပ်ပါလိမ့်မည်။

### 11 ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်ကို မိခိုမိသားစုဝင် တဦးဦး၏ကိုယ်စား ဖြည့်ဆည်းဆောင်ရွက်ပေး၍ ရပါသလား။

မှီခိုမိသားစုဝင် တဦးဦး၏ကိုယ်စား ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်ကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ထိုသူ၏ ခွင့်ပြုထားသော ကိုယ်စားပြုပုဂ္ဂိုလ် ဖြစ်ရန်လိုအပ်ပါသည်။ ဒေသတွင်း DFR ရုံးကို ရှာဖွေရန်အတွက် Indiana Division of Family Resources (DFR) ၏ဝက်ဘ်ဆိုက်ဖြစ်သော **IN.gov/ fssa/dfr/ebt-hoosier-works-card/find-my-local-dfr-office/** တွင်ကြည့်ရှုပါ၊ သို့မဟုတ် ခွင့်ပြုထားသော ကိုယ်စားပြုပုဂ္ဂိုလ် ဆက်ဆံရေးအတွက် သဘောတူခွင့်ပြုမည့် မယ်ဒီကိတ်အဖွဲ့ဝင် နှင့်အတူ DFR ရုံးထံသို့ **1-800-403-0864** တွင်ဖုန်းဆက်ပါ။

